www.kelasa.org

ဓမ္မအမေးအဖြေများ

၂၅။ ကိလေသာ ၁၀ ပါးမှာ မိဒ္ဓ မပါ

# ကိလေသာ ၁၀ ပါးမှာ မိဒ္ဓ မပါ

အရှင်ဘုရား ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

တပည့်တော်သည် မိမိအိမ်တွင်သာ အဘိဓမ္မာတရားကို လေ့လာနေသူ ဖြစ်ပါသည်။ တပည့်တော် မရှင်းသည့် အချက်မှာ အကုသိုလ် စေတသိက် ၁၄ ပါးကို ကိလေသာ ၁၀ ပါး ဖွဲ့ရာတွင် ဣဿာ၊ မစ္ဆရိယ၊ မိဒ္ဓ နှင့် ကုက္ကုစ္စတို့ အဘယ်ကြောင့် မပါဝင်ရသည်ကို အကျယ်တဝင့် ရှင်းပြတော်မူပါ အရှင်ဘုရား။

ရှိသေစွာဖြင့်

ရဲမင်းထွန်း

## အကုသိုလ် စေတသိက် ၁၄ ပါး

၁၊ မောဟ = အမှန်သဘောကို ဖုံးကွယ် ၂၊ အဟိရိက = မကောင်းမှု လုပ်ဖို့ မရှက် ၃၊ အနောတ္တပ္ပ = မကောင်းမှု လုပ်ဖို့ မကြောက် ၄၊ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့် ၅၊ လောဘ = လောကီအာရုံကို တွယ်တာတပ်မက် ၆၊ ဒိဋ္ဌိ = မှားယွင်းစွာ သိမြင် ၇၊ မာန = ထောင်လွှား ၈၊ ဒေါသ = ခက်ထန် ၉၊ ဣဿာ = သူတစ်ပါး စည်းစိမ်ကို မနာလို ၁၀၊ မစ္ဆရိယ = ကိုယ့်စည်းစိမ်ကို တွန့်တို ၁၁၊ ကုက္ကုစ္စ = (မကောင်းတာ လုပ်မိ၊ ကောင်းတာ မလုပ်မိလို့) နောင်တပူပန် ၁၂ = ထိန = စိတ်မလန်း ထိုင်းမှိုင်း ၁၃၊ မိဒ္ဓ = ယှဉ်ဘက် စေတသိက်တွေ မလန်း ထိုင်းမှိုင်း ၁၄၊ ဝိစိကိစ္ဆာ = ရတနာသုံးပါး ကံကံ၏ အကျိုးကို မယုံ

www.kelasa.org

## အုပ်စုလိုက် နာမည် ၉ မျိုး

အဲဒီ အကုသိုလ်စေတသိက် ၁၄ ပါးကို အဘိဓမ္မတ္ထ သင်္ဂဟကျမ်း သမုစ္စည်းပိုင်း အကုသလသင်္ဂဟမှာ အုပ်စုလိုက် နာမည် ၉ မျိုးနှင့် ခွဲခြားပြီး ဖော်ပြတယ်။

၁၊ အာသဝ = ခန္ဓာအစဉ်မှာ ကြာမြင့်စွာ စိမ်နေတဲ့ တရား ၄ ပါး

၂၊ ဩဃ = ရေအလျဉ်လို လွှမ်းမိုး ဖိသတ်တတ် တဲ့တရား ၄ ပါး

၃၊ ယောဂ = ဝဋ်ဆင်းရဲမှာ တွယ်ကပ်စေတဲ့တရား ၄ ပါး

၄၊ ဂန္ထ = ဝဋ်ဆင်းရဲ တစ်ခုနဲ့ တစ်ခုကို ချိတ်ပေးတဲ့ တရား ၄ ပါး

၅၊ ဥပါဒါန် = မြွေက ဖားကိုဖမ်းထားသလို စွဲလမ်းစေ တဲ့တရား ၄ ပါး

၆၊ နီဝရဏ = ဈာန်စတဲ့ ကုသိုလ်ကို ပိတ်ပင်တတ် တဲ့တရား ၅ ပါး

၇၊ အနုသယ = သတ္တဝါတို့ သန္တာန်မှာ အမြဲကိန်း နေတဲ့တရား ၇ ပါး

၈၊ သံယောဇဉ် = ဘဝသံသရာမှာ ဖွဲ့ချည်တတ်တဲ့ တရား ၁၀ ပါး

၉၊ ကိလေသာ = စိတ်ကို ညစ်ပေစေတတ်တဲ့တရား ၁၀ ပါး

ဒီအုပ်စုနာမည် ၉ မျိုးကို 'အာ၊ ဩ၊ ယော၊ ဂန်၊ ဒါန်၊ နီ၊ နု၊ သံ၊ ကိ'လို့ အတိုမှတ်ပါ။ အာ = အာသဝ၊ ဩ = ဩဃ စသည်လို့ နားလည်ပါ။

အာ ဩ ယော ဂန် တို့ရဲ့ တရားကိုယ်က လောဘ ဒေါသ ဒိဋ္ဌိ ၃ ပါး။

ဥပါဒါန် ၄ မျိုးက လောဘ ဒိဋ္ဌိ။

နီဝရဏ ၅ ပါးက လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟလို့ တရားကိုယ် ၈ ပါး (ထိနမိဒ္ဓ နဲ့ ဥဒ္ဓစ္စကုက္ကုစ္စ တို့ကို တစ်မျိုးစီယူ)။

အနုသယတွေက လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ ၇ ပါး။

လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟလို့ သံယောဇဉ် တရားကိုယ် ၇ ပါး။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပလို့ ကိလေသာတရားကိုယ် ၁၀ ပါး။

## စေတသိက် ၁၄ ပါးနှင့် နာမည်အုပ်စု ၉ ပါးကို တွဲစပ်ခြင်း

လောဘစေတသိက်ကို အုပ်စုနာမည် ၉ မျိုးလုံးနဲ့ တွေ့ရတယ်။ ဒိဋ္ဌိစေတသိက်က 'နီ'မှတစ်ပါး ကျန် အုပ်စုနာမည် ၈ မျိုးနဲ့ တွေ့ရလို့ ဗုဒ္ဓဝါဒီ မဟုတ်သူ အချို့ လူ့ဒါန်းခြင်းစတဲ့ သာသနာပ ကုသိုလ်လောက်တော့ လုပ်နိုင်ကြတာကို တွေ့နိုင်ပါတယ်။ မောဟက ဂန်၊ ဒါန် မှ တစ်ပါး ကျန် ၇ မျိုး။ ဒေါသက ဂန်၊ နီ၊ နု၊ သံ၊ ကိ နာမည် ၅ မျိုး။ ဝိစိကိစ္ဆာက နီ၊ နု သံ၊ ကိ ၄ မျိုး။ မာနက နု၊ သံ၊ ကိ ၃ မျိုး။ ဥဒ္ဓစ္စက နီ၊ သံ၊ ကိ ၃ မျိုး။ ထိနက နီ၊ ကိ ၂ မျိုး။ ကုက္ကုစ္စက နီ ၁ မျိုး။ မိဒ္ဓက နီ ၁ မျိုး။ အဟိရိကနဲ့ အနောတ္တပ္ပက ကိ ၁ မျိုးစီ။ ဣဿာနဲ့ မစ္ဆရိယက သံ ၁ မျိုးစီ နာမည်နဲ့ ထင်ရှားပါတယ်။

ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စဟာ သာမန်ဆိုရင် တူသယောင်ရှိပေမဲ့ လုပ်ဆောင်ချက်နဲ့ ယှဉ်ရာစိတ် (ဥဒ္ဒစ္စက အကု သိုလ် ၁၂၊ ကုက္ကုစ္စက ဒေါမူစိတ် ၂) မတူလို့ ဥဒ္ဒစ္စက အုပ်စုနာမည် ၃ မျိုး ကုက္ကုစ္စက ၁ မျိုးပဲ ရတယ်။

### ကိလေသာထဲမှာ မိဒ္ဓမပါ

ထိနဆိုတာ စိတ်ရဲ့ ထိုင်းမှိုင်းတာ ဖြစ်လို့ ကုသိုလ်ကို ပိတ်ဆို့တဲ့ နီ (နီဝရဏ)နဲ့ ကိ(ကိလေသာ) ဆိုတဲ့ အုပ်စုနာမည် ၂ မျိုးနဲ့ ထင်ရှားပြီး မိဒ္ဓကတော့ စေတသိက်တို့ရဲ့ ထိုင်းမှိုင်းတာဖြစ်လို့ နီ (နီဝရဏ) အမည် ၁ မျိုးနဲ့ပဲ ထင်ရှားပါတယ်။ ထိန (စိတ်ထိုင်းမှိုင်းမှု) မဖြစ်ပေါ်ရင် မိဒ္ဓ (စေတသိက်တွေ ထိုင်းမှိုင်းမှု) လဲ မဖြစ်လာတော့ဘူးလို့ ဆိုလိုတဲ့ သဘောပါ။

www.kelasa.org

### ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ

စိတ်ထဲမှာ ဣဿာ (သူတစ်ပါးပစ္စည်းကို မနာလို) ဖြစ်လာရင် ထိုလူကို စိတ်ဆိုး အငြိုးသိုပြီး စိတ်က တစ်ဆင့် နှုတ်ပေါ်မှာ ကိုယ်ပေါ်မှာ လုပ်ဆောင် မှု (ကံ) တွေ ဖြစ်လာတယ်။ အဲဒါရဲ့ ထင်ရှားတဲ့ အကျိုးက ချည်နှောင်ခြင်းပဲ။ ကိုယ့်ကိုယ်လဲ တုပ်ချည်တယ်၊ ကိုယ်နဲ့ သူတစ်ပါးကိုလဲ တံပိုးမှာ ချည်ထားတဲ့ နွားနှစ်ကောင် လို နှောင်ဖွဲ့တယ်။ ဒါကြောင့် ဣဿာ မစ္ဆရိယ စေတ သိက်နှစ်ပါးဟာ သံ (သံယောဇဉ်) အမည်နဲ့ ပိုပြီး ထင်ရှားတာ ဖြစ်ပါတယ်။

ကုက္ကုစ္စ (နှောင်တပူပန်မှု)လဲ ဒေါသစိတ် (စိတ်ဆိုးမှု) နဲ့ အတူဖြစ်တဲ့ စေတသိက်ပါပဲ။ ဒါပေမဲ့ ကုက္ကုစ္စ လွှမ်းမိုးနေရင် ပထမဆုံး ဖြစ်ပေါ်လာတဲ့ အကျိုးရင်းက ကုသိုလ်ကို မလုပ်နိုင်တာပဲ။ ဒါကြောင့် ကုသိုလ် မဖြစ်အောင် တားဆီးခြင်းလို့ အဓိပ္ပာယ်ရှိတဲ့ နီ (နီဝရ ဏ) နာမည်နဲ့ပဲ ထင်ရှားတာ။

### လုပ်ဆောင်ချက်မတူလို့

လိုရင်းက စေတသိက် ၁၄ ပါးရဲ့ သဘာဝ၊ လုပ် ဆောင်ချက် ဒီဂရီ အနိမ့်အမြင့်၊ အကျိုးဆက်နဲ့ အ ကြောင်းရင်းတွေ ခြားနားလို့ အုပ်စုခွဲပြီး နာမည်ပေး ရာမှာ ခြားနားသွား (တစ်ချို့ပါ တစ်ချို့ မပါဖြစ်) ရ ပါတယ်။ လောဘ တစ်ခုတည်းကိုပဲ တဏှာ၊ ရာဂ၊ ပေမ၊ သမုဒယစတဲ့ နာမည်တွေနဲ့ ဟောထားတာ တွေလဲ ရှိပါတယ်။ ကြားနာတဲ့ ပုဂ္ဂိုလ်တွေရဲ့ စရိုက် အကြိုက်ကို ကြည့်ပြီး မြတ်ဗုဒ္ဓက အဲဒီလို အမည်အမျိုးမျိုး ခွဲခြားပုံ အထွေထွေနဲ့ ဟောကြား တော်မူတာ ဖြစ်ပါတယ်။ ☐